# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 21 , 2022 Volume 58, Number 15


| ၂၁.၉.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၂၃၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၂.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၅၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကချင်ပြည်နယ်၏ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်နေ့များအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ ဆန်ကွဲ၊ ပိုးလုံးအိမ်၊ ဆန်၊ ထောပတ်ပဲ၊ ပဲတီစိမ်း၊ ပဲယင်းနှင့် ကြိမ်အချောထည်ပစ္စည်းများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၂၈၉၉၁ ဒသမ ၂၃ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်း သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၄၈၂၁၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၉၅၉၈၁ ဒသမ ၈၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၇၈၀၈၁ ဒသမ ၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၅ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၈ ဒသမ ၅၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်ဘမြေကုန်သွယ်မှုဗဟိုဌာန**

## ပြည်တွင်း စားသုံးဆီဈေးနှုန်း ပြန်လည်မြင့်တက်




ပြီးခဲ့တဲ့ အပတ်ကအထိ ကျဆင်းနေခဲ့သည့် စားသုံးဆီဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း လက်လီလက်ကားရောင်းချနေသည့် ဆီဆိုင်များမှသိရသည်။ ပြည်ပမှ တင်သွင်းနေသည့် စားသုံးဆီအမျိုးမျိုးမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ် မူတည်နေသည့်အတွက် ဈေးမငြိမ်ဖြစ်နေခြင်းဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် အပတ်က စားအုန်းဆီ တစ်ပိဿာလျှင် ၈၀၀၀ကျပ်အောက်ရောက်ရှိခဲ့ပြီး လက်ရှိတစ်ပိဿလျှင် ၉၀၀၀ ကျပ် အထိ ပြန်လည်ရောက်ရှိနေကြောင်းသိရသည်။ သယ်ယူပို့ဆောင်းရေးခက်ခဲသည့် ဒေသပေါ်မူတည်ကာ ဈေးနှုန်း အပြောင်းလဲများဖြစ်နေပြီး တချို့ဒေသများနှင့် တဆင့်ခံ ပြန်ရောင်းနေသည့် ဆိုင်များတွင် တစ်ပိဿာလျှင် ၉၀၀၀ အထက်ထိ ပေါက်ဈေးဖြစ်နေကြောင်း သိရသည်။ “ဆီဈေး ၈၀၀၀ အောက်ရောက်သွားတယ်၊ ဒါပေမဲ့ တစ်ပတ်တောင်မခံဘူး၊ ၉၀၀၀ ပြန်ဖြစ်သွားတယ်။ တချို့လက်လီဆိုင်တွေဆို ၉၀၀၀ ကျော်သွားတယ်။ အဓိက ဒေါ်လာဈေးနဲ့ဆိုင်မယ်။ ဒေါ်လာဈေးက အတက်အကျပြောင်းနေတော့ ကျလဲခဏပဲ “ ဟု သင်္ဃန်းကျွန်းမြို့နယ်ရှိ ဆီလက်လီလက်ကားရောင်းနေသည့် ဆိုင်တစ်ဆိုင်မှ ပြောသည်။

ဈေးကွက်တွင် ဆီဈေး ၈၀၀၀ အောက်ကျသွားစဉ်က ဆီလှောင်ထားသည့် Importer များမှာ အသည်းအသန် ထုတ်ရောင်းခဲ့ခြင်းများလည်းရှိခဲ့ကြောင်းသိရသည်။ ပြည်တွင်းထုတ် ကြိတ်ဆီများဖြစ်သည့် ပဲဆီ ၊ နှမ်းဆီများမှာလည်း ကုန်ကြမ်းရှားလာခြင်း၊ စက်သုံးဆီဈေးများ မြင့်တက်နေခြင်းတို့ကြောင့် ဈေးကောင်းနေခြင်းဖြစ်ကြောင်း ဆီလုပ်ငန်းရှင် တချို့ထံမှသိရသည်။

လက်ရှိ ရန်ကုန်ဈေးကွက်တွင် နှမ်းဆီ တစ်ပိဿလျှင် ၁၁၀၀၀ ကျပ်၊ ပဲဆီ တစ်ပိဿလျှင် ၁၃၅၀၀ ကျပ်အထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။ “စားအုန်းဆီဈေးက ပြည်တွင်းထုတ် ပဲဆီ၊ နှမ်းဆီဈေးတွေကို အမှီလိုက်နေတာ။ ပဲဆီ တွေလည်း တက်နေတယ်။ ဟိုတစ်ပတ်ကမှ ဈေးတွေကျသွားလို့ ပျော်နေတာ ။ အခု ပြန်ဝယ်တော့ ဈေးပြန်တက်သွားတယ်။ ကျရင်တော့ခဏပဲ တက်ရင်တော့ ပြန်ကိုမဆင်းတော့ဘူး” ဟု မြန်မာမုန့်ရောင်းချသူ မကြည်ကပြောသည်။

လက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်မှုတွေများကြောင့် ဆီစက်များပုံမှန်လည်ပတ်နိုင်ရန် အခက်အခဲများရှိခြင်း၊ စက်သုံးဆီဈေးများ မြင့်တက်ခြင်းစသည့်အခက်ခဲများ ကြုံတွေ့နေရကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရ သည်။ "ကုန်ကြမ်းရှားပါးလို့ ပဲဆီဈေးတွေ မြင့်တက်နေတာလို့ ပြောလို့ရတယ်။ နောက်ပြီး လျှပ်စစ်မီးလဲမရ စက်သုံးဆီကလဲ ဈေးတွေတက်နေတော့ ဈေးမြင့်လာတဲ့သဘောပါ” ဟု ပခုက္ကူမြို့မှ မြေပဲခွဲစက်နှင့်ဆီစက်လုပ်ငန်းမှ ကိုအောင်မျိုးက ပြောထားသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားဆီတစ်ပိဿာ ၄၈၅၀ ကျပ်ဖြင့် ရောင်းချပေးနေပေမယ့် လုံလောက်မှုမရှိဘူးလို့ တန်းစီဝယ်ယူသူများကဆိုသည်။ ပြည်တွင်း၌ စားအုန်းဆီသုံးစွဲမှု တစ်နှစ်လျှင် တန်ချိန် ၁၀သိန်းကျော် အထိ ရှိသောကြောင့် နှစ်စဉ် တန်ချိန် ၆သိန်း မှ ၇သိန်းကြားအား မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများကို အဓိကထား၍ တင်သွင်းနေရကြောင်း သိရသည်။

(AMIA)

Source: htwettoe

## ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျအဝယ်အေးနေ




ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးများ မတည်ငြိမ်ဖြစ်ကာ ဈေးကျဆင်းလာမှုကို ကုန်သည်များ စောင့်ကြည့်နေခြင်းကြောင့် ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး အရောင်းအဝယ် ရပ်တရက်အေးကာ ဈေးအနည်းငယ်စီကျဆင်းသွားကြောင်း ပဲ၊ နှမ်းကုန်သည်များက ပြောကြားသည်။

ယင်းဈေးကျဆင်းမှုမှာ ခဏစောင့်ကြည့်သည့် အခြေအနေသာဖြစ်ပြီး ပြန်လည် မြင့်တက်လာမည့် အနေအထားရှိကြောင်းနှင့် လက်ရှိတွင်စားဆီဈေးများ ဈေးကျဆင်းမှု နှင့်အတူ မြေပဲဆံဈေးသည်လည်း အနည်းငယ်ကျဆင်းသွားကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်း ပွဲရုံ)ကပြောသည်။ "ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး အကုန်ဈေးအေးသွားပါတယ်။ နှမ်းဈေးတွေကတော့ ဈေးအရမ်းကျဆင်းသွားပါတယ်။ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၃၀,၀၀၀-၄၀,၀၀၀ လောက် ကျဆင်းသွားတယ်။ ပို့ကုန်ပဲတွေက အဝယ်ကောင်းကောင်း မရှိတော့ပါဘူး။ ကုန်စည်ဒိုင်

တစ်ခုလုံးမှာ အရောင်းအဝယ်လုပ်နေတဲ့ ပဲ၊ ပြောင်း၊ နှမ်းအားလုံး ဈေးကျပါတယ်။ ဈေးကွက်တစ်ခုလုံး အေးသွားရတာကတော့ ဒေါ်လာ၊ ရွှေဈေးမတည်ငြိမ်လို့ စောင့်ကြည့်တဲ့သဘောပါ။ ခဏလောက် ကျဆင်းတဲ့အခြေအနေဖြစ်လို့ ဈေးပြန်တက်လာနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်း ဒေါ်လာဈေးမတည်ငြိမ်မှုကြောင့် ပို့ကုန်ပဲများ အဝယ်မရှိသလောက်ရပ်သွားပြီး ဈေးကျဆင်းသွားရာ မတ်ပဲ တစ်အိတ် ကျပ် ၁၉၅,၀၀၀– ၁၉၈,၀၀၀၊ ပဲစင်းငုံ တစ်အိတ် ကျပ် ၁၉၅,၀၀၀ ဝန်းကျင်နှင့် အရောင်းအဝယ်အေးလျက်ရှိသည်။ တရုတ်လိုင်းသို့ တင်ပို့သည့် ပဲတီစိမ်းမှာတော့ အမြင့်ဆုံးတစ်အိတ် ကျပ် ၁၆၀,၀၀၀ ပေါက်ဈေးရှိနေသည်။ ပို့ကုန်ပဲများအားလုံး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅,၀၀၀ မှ ၂၀,၀၀၀ ခန့်ထိ ဈေးကျပြီး အဝယ်အေးနေသည်။

**မြေပဲ**

ပြည်တွင်းသို့ တင်သွင်းနေသည့် စားဆီဈေးကျဆင်းလာမှုကြောင့် မြေပဲဆံဈေး အနည်းငယ်ကျဆင်းသွားရာ ပို့ကုန်မြေပဲ S1 လုံးဆံများမှာ တစ်ပိဿာကျပ် ၆,၈၀၀၊ အနီလုံးဆံ တစ်ပိဿာကျပ် ၆,၅၀၀ သို့ ဈေးအနည်းငယ်ကျဆင်းသွားသည်။ ပြည်တွင်း ဆီဆံအမျိုးအစားမှာ ကျဆင်းမှုမရှိပဲ တစ်ပိဿာ ကျပ် ၆၅၀၀ ပေါက်ဈေးရှိနေသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများလည်း ဈေးကျဆင်းသွားသည်။ ပဲအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ် ကျပ် ၅,၀၀၀ မှ ကျပ် ၂၀၀၀၀ ခန့်အထိ ဈေးကျဆင်းသွားရာ စက်တင်ဘာ ၁၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်ကျပ် ၂၀၈,၀၀၀၊ ပဲယင်းတစ်အိတ် ကျပ် ၁၆၀,၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၂၅၀,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၁၇၂,၀၀၀၊ စွန်တာပြာ တစ်အိတ် ကျပ် ၁၆၅,၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၂၅၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၄၁၀,၀၀၀ ဈေးရှိနေသည်။

Source: Myanma Awba

## တမူးမြို့တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်တည်ဆောက်ရန်အတွက် မြန်မာ–အိန္ဒိယ လက်မှတ်ရေးထိုး

တမူးမြို့တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်တည်ဆောက်ရန်အတွက် မြန်မာ–အိန္ဒိယသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ထုတ်ပြန်မှုအရသိရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော စီမံကိန်းသဘောတူညီချက်အရ တမူးမြို့တွင် အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်စီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရအကူအညီဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံဘက် မိုးရေးမြို့တွင်လည်း အဆိုပါအဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်ကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ မြန်မာဘက်ရှိ မိုရေး–တမူးနယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်အသစ်တည်ဆောက်ခြင်းသည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ အကြားကုန်သွယ်မှုနှင့် ပြည်သူများ၏သွားလာရေးတို့ကို အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မိုရေး–တမူး၌ ဖြတ်သန်းသွားလာခြင်းသည် အိန္ဒိယ–မြန်မာနယ်စပ်တွင် အရေးအကြီးဆုံးတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်တွင် အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ်များ တည်ဆောက်ခြင်းသည် နယ်စပ်ကုန်သွယ်ရေးနှင့်ခရီးသွားလာရေးတို့ကို တွန်းအားပေးမှုဖြစ်စေပြီး နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မြှင့်တင်ပေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ထုတ်ပြန်မှုတွင် ဖော်ပြထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/237623

## ငါးလတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ပျားရည်အလေးချိန်ပေါင် ၉၉၀၀၀၀ ကျော် ထုတ်လုပ်ထား

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှသြဂုတ်လကုန်အထိ ငါးလတာကာလအတွင်း ပျားရည်အလေးချိန် ၉၉၈၅၀၀ပေါင် ထုတ်လုပ်ထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပျားမွေးမြူရေးလုပ်ငန်းရှင် ၃၀၆ ဦးတို့က ပျားအုံပေါင်း ၉၃၀၃၅ အုံဖြင့် ဆီထွက်သီးနှံ၊ နေ့စပါး၊ ပဲမျိုးစုံတို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ချိတ်ဆက်မွေးမြူလုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ပျားရည်အလေးချိန်ပေါင် ၄၉၅၉၀၀၀ ထုတ်လုပ်နိုင်ရေး ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ “တိုင်းဒေသကြီးအတွင်းမှာ အဓိကထုတ်လုပ်မှုအနေဖြင့် ကနီ၊ ယင်းမာပင်နဲ့ဘုတလင်မြို့နယ်တွေမှာ ပျားရည်ကိုအဓိက ထုတ်လုပ်ကြတယ်။ အခုဘဏ္ဍာနှစ်မှာတော့ ဒေသခံမွေးမြူရေးလုပ်ငန်းရှင်တွေက ထုတ်လုပ်မှုများပြီး အခုအချိန်မှာတော့ ဆီးသီးပန်းပွင့်ရာသီစပြီဖြစ်တဲ့အတွက် ပျားမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်နေကြပြီဖြစ်တယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တိုင်းဒေသကြီး တာဝန်ခံကပြောသည်။

ပျားရည်ထုတ်လုပ်မှု လျာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးအတွင်း ဩဂုတ်လတတိယပတ်မှ စတင်ပြီး အောက်တိုဘာလ ပထမပတ်အထိ ဆီးသီးပန်းပွင့်ရာသီတွင် ကနီ၊ ယင်းမာပင်၊ ဘုတလင်တို့တွင် ပျားမွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကာ ပျားရည်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/30552

## မန္တလေးဈေးကွက်တွင် ဂျုံများ ဈေးကောင်းရရှိနေ

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ ဝင်ရောက်လာသည့် ဂျုံသီးနှံများ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။ ယခုအခါ မန္တလေးဈေးကွက်အတွင်း မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်စသည့် ဒေသများမှ ဂျုံများဝင်ရောက်လာကြောင်း၊ မန္တလေးဈေးကွက်တွင် မတ်လအတွင်းက ဂျုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ဈေးရှိခဲ့သော်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဂျုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

“မြန်မာနိုင်ငံမှာ ဆန်ပြီးရင် ဂျုံသီးနှံဟာ ဒုတိယအများဆုံး စားသုံးတဲ့သီးနှံဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဂျုံဈေးတွေမြင့်နေတော့ တောင်ပေါ်၊ မြေပြန့် ဂျုံစိုက်တောင်သူတွေအတွက် အမြတ်အစွန်းရပြီး အကျိုးရှိတဲ့နှစ်ဖြစ်ပါတယ်။ အခုလိုဂျုံဈေးတွေကောင်းနေတာကြောင့် လာမဲ့နှစ်ဂျုံရာသီမှာ စိုက်ဧကတွေတိုးလာမှာပါ။ ဂျုံစားသုံးမှုကလဲ တစ်နှစ်ထက်တစ်နှစ်များပြားလာပါတယ်” ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ ဂျုံသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ မြန်မာနိုင်ငံတွင် ဂျုံသီးနှံကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ဂျုံသီးနှံကို ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူတည်ပြီး စိုက်ပျိုးကြကြောင်း ၎င်းကပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ယခုဘဏ္ဍာနှစ် သကြားထွက်ရှိချိန်တွင် ပြည်တွင်းသကြားစက်ရုံနှစ်ရုံက ပြည်ပသို့သကြားတန်ချိန် ၆၀၀၀၀ ကျော် တင်ပို့သွားမည်

ယခုဘဏ္ဍာနှစ် သကြားထွက်ရှိချိန်တွင် ပြည်တွင်း သကြားစက်ရုံနှစ်ရုံက ပြည်ပသို့ သကြားတန်ချိန် ၆၀၀၀၀ ကျော် တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (ပဲခူးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးသိန်းတင်ထူးက ပြောပြ၍သိရသည်။

ထိုသို့တင်ပို့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ရှိ သံတောင်ဦးသကြားစက်နှင့် နောင်ချိုမြို့နယ်ရှိ ငွေရည်ပုလဲသကြားစက်တို့က သကြားတင်ပို့သွားမည်ဖြစ်ပြီး အဆိုပါ သကြားစက်ရုံနှစ်ရုံသည် ယခင်နှစ်များကလည်း ပြည်ပသို့တင်ပို့နေသည့် သကြားစက်များဖြစ်ကြောင်း သိရသည်။

“၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သကြားထွက်ရှိချိန်မှာ ပြည်ပကို မြန်မာနိုင်ငံက သံတောင်ဦးနဲ့ ငွေရည်ပုလဲ သကြားစက်ရုံနှစ်ရုံက သကြားတန်ချိန် ၆၀၀၀၀ ကျော် တင်ပို့ဖို့ရှိပါတယ်။ ဒီသကြားစက်ရုံ နှစ်ရုံက နှစ်စဉ် တန်ချိန် ခြောက်သောင်းလောက်

တင်ပို့နေတာဖြစ်ပါတယ်။ လက်ရှိကြံစိုက်ကေကလဲ တိုးနေတဲ့အတွက် နောင်နှစ်တွေမှာ တန်ချိန်တိုးပြီး တင်ပို့သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (ပဲခူးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင် ဦးသိန်းတင်ထူးက ပြောပြသည်။

ယခုဘဏ္ဍာနှစ် ကြံရာသီအတွက် ကြံတန်ချိန် တစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ဈေးနှုန်းတိုးမြှင့်ကာ သကြားစက်ရုံများက ဝယ်ယူမည်ဖြစ်ပြီး သကြားစက်ရုံများအနေဖြင့် ကြံစိုက်ပျိုးမှုပို၍ တိုးပွားလာစေရန်အတွက် ကြံစိုက်တောင်သူများကို ကြိုတင်ငွေများထုတ်ပေးကြောင်း၊ ကြံတစ်ကေလျှင် ငွေကျပ် ၃၀၀၀၀၀ ထုတ်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြည်တွင်းသကြားလက်ကျန် နည်းပါးနေခြင်းနှင့် ပြည်ပနိုင်ငံမှ သကြားဝင်ရောက်မှုမရှိခြင်းကြောင့် ပြည်တွင်းသကြားဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်က  သကြားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့်သာ ဈေးရရှိခဲ့သော်လည်း လက်ရှိတွင် သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ထိုင်းနှင့်ဗီယက်နမ် ပို့ကုန်ဆန်ဈေးနှုန်းမြှင့်တင်ရေး ဆွေးနွေးမည်

ကမ္ဘာ့ဒုတိယနှင့်တတိယ ဆန်အများဆုံးတင်ပို့သည့် ဗီယက်နမ်နှင့်ထိုင်းတို့သည် ဆန်တင်ပို့မှုဈေးနှုန်းမြှင့်တင်ရန် အောက်တိုဘာလတွင် ဆွေးနွေးပွဲများပြုလုပ်မည်ဖြစ်ကြောင်း Asia Nikkei မှ သတင်းဖော်ပြပါသည်။

ထိုင်းစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး Chalermchai Sri-on သည် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ သွားရောက်မည်ဖြစ်ပြီး ဗီယက်နမ်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး Le Minh Hoan နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ဆန်တင်ပို့မှုအပါအဝင် နှစ်နိုင်ငံစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးဖို့ရှိကြောင်း ထိုင်းအစိုးရအရာရှိများက ပြောသည်။

ဗီယက်နမ်နှင့်ထိုင်းတို့သည် ပို့ကုန်ဆန်ဈေးနှုန်းများကို ၂၀ ရာခိုင်နှုန်းခန့် မြှင့်တင်နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြပါသည်။ ဆန်တင်ပို့မှု ဈေးနှုန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် စက်တင်ဘာလအစောပိုင်းတွင် နှစ်နိုင်ငံသဘောတူညီခဲ့သည်။ ဓာတ်မြေသြဇာ၊ စိုက်ပျိုးရေးသုံး ဓာတုဗေဒပစ္စည်းများနှင့် လောင်စာဆီ ကုန်ကျစရိတ်များ မြင့်တက်နေခြင်းကြောင့် ၎င်းတို့၏ စပါးစိုက်တောင်သူများ၏ ထုတ်လုပ်မှုစရိတ် မြင့်မားနေသည်ကို လက်ရှိဆန်ဈေးနှုန်းများက  မကာမိနိုင်ကြောင်း ပြောကြားသည်။

ထိုင်းနှင့်ဗီယက်နမ်တို့သည် သတ်မှတ်ထားသည့် လုပ်ကိုင်ဆောင်ရွက်ရမည့်အချက်များကို စိစစ်ရန်လုပ်ငန်းအဖွဲ့များကို မိမိနိုင်ငံတွင် အသီးသီး ထူထောင်မည်ဖြစ်သည်။

ရုရှားက ယူကရိန်းကို ကျူးကျော်ပြီးနောက်ပိုင်း ဂျုံဈေးများ သိသိသာသာ မြင့်တက်လာခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင် ဆန်ဈေးနှုန်းများ အတော်လေး တည်ငြိမ်နေခဲ့သည်။

ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် အိန္ဒိယနိုင်ငံသည် ပြီးခဲ့သောသောကြာနေ့တွင် ပြဋ္ဌာန်းချက်အသစ်တွင် အကျုံးဝင်သော ဆန်အမျိုးအစားအချို့ တင်ပို့ခြင်းအပေါ် ပို့ကုန်ခွန် ၂၀% ချမှတ်ခဲ့သည်။ ပြည်တွင်း ဆန်ဖူလုံရေးအတွက်ဟုဆိုသည်။ အိန္ဒိယ၏ အခွန်စည်းကြပ်မှုချမှတ်ပြီးနောက် ဗီယက်နမ်တွင်  ဆန်တင်ပို့မှုဈေးနှုန်းများ စတင်မြင့်တက်လာနေပြီဖြစ်သည်။ ထိုင်းတွင်လည်း မြင့်တက်သည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်း တန်ချိန် ၅၁ ဒသမ ၆၃ သန်းရှိခဲ့သည်။ အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်းကို တင်ပို့ခဲ့သည်။ ဗီယက်နမ်နှင့် ထိုင်းတို့က ၁၂% ဝန်းကျင် အသီးသီးရှိခဲ့သည်။ တရုတ်နှင့် ဖိလစ်ပိုင်တို့သည် ကမ္ဘာ့ဆန်အဓိကတင်သွင်းသည့် နိုင်ငံများဖြစ်သည်။

**Source: nikkei asia**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5019-thai-vietnam.html

# STOCK EXCHANGE (21.9.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Sep. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +100 | +1.08% | 9,300 | 9,400 | 9,300 | 2,014 | 18,731,300 | 33,109,694 | 311,231 |
| MTSH | 00002 | 3,450 | +100 | +2.99% | 3,350 | 3,450 | 3,350 | 6,850 | 23,362,350 | 38,929,150 | 134,306 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 21 | 163,800 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 304 | 6,080,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 6 | 17,100 | 12,823,224 | 36,546 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 29 | 79,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,400 | -100 | -1.82% | 5,400 | 5,400 | 5,400 | 12 | 64,800 | 10,497,598 | 56,687 |

## Market summary

As of 21st Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.34 | +4.48 | +1.09% | 411.63 | 416.34 | 411.63 | 9,236 | 48,499,100 | 7 | 724,276 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 21st Sep. 2022

| MYANPIX | 416.34 ▲ 4.48 |
|---|---|
| Total Volume (shares) | 9,236 |
| Total Value (MMK) | 48 mil |
| Listed Company | 7 |
| Market Cap. (MMK) | 724,276 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,400 | ▼ 100 |